**Palaung Women's Organization**
ပလောင် (တအာင်း) အမျိုးသမီးအစည်းအရုံး
PWO
P.O Box 98, MaeSot, Tak province 63110, Office Tel: 055546606, Email: <pwotaang@gmail.com>

သတင်းထုတ်ပြန်ချက်

အောက်တိုဘာလ ၊ ၂၅ရက်၊ ၂၀၁၁ ခုနှစ်

**မြန်မာစစ်အစိုးရသစ်၏ အာဏာရပါတီချုပ်ကိုင်မှုအောက် မဲဆန္ဒနယ်မြေတွင် ဘိန်းစိုက်ပျိုးမှု မြင့်တက်လာနေခြင်း**

ပလောင်အမျိုးသမီး အစည်းအရုံး (PWO) ၏ အသစ်ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံမြောက်ပိုင်း၊ ရှမ်းပြည်နယ်တွင်းရှိ ပလောင်ဒေသများတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ တိုးတက်လာနေကြောင်း ဖော်ပြထားခဲ့ပါသည်။ ဤဒေသသည် မြန်မာစစ်တပ်က ကျောထောက်နောက်ခံပြုထားသည့် အစိုးရသစ်ဖွဲ့စည်းပုံတွင် မူးယစ်ဘိန်းရာဇာတစ်ဦး ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် မဲဆန္ဒနယ်မြေဒေသတစ်ခု ဖြစ်ပါသည်။

ပလောင်အမျိုးသမီးအစည်းအရုံးက (၂၀၁၀) ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် "အဆိပ်သင့်တောင်တန်းများ" ***(Poisoned Hills)*** အစီရင်ခံစာ၏ နောက်ဆက်တွဲလေ့လာမှု "အဆိပ်သင့်နေဆဲ" ***(Still Poisoned)*** အမည်ရှိ အစီရင်ခံစာတွင်၊ နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာ ၁၅–ခု တွင် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲကျင်းပချိန်မှစ၍ ဟက်တာ ၁,၁၀၀ ကျော် ဘိန်းစိုက်ပျိုးမှု သိသိသာသာ တိုးတက်လာကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။ ပြီးခဲ့သည့် ၂–နှစ်ကာလတွင် ၇၈% ကျော် တိုးတက်လာခဲ့ပါသည်။ ဤဒေသအတွင်း ဘိန်းဖောက်ကားရောင်းဝယ်မှုကို ပန်းဆေးကျော်မြင့်ခေါ် အစိုးရ၏ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့ ခေါင်းဆောင်ကဦးဆောင်နေပြီး၊ ၎င်းမှာ ယခုအာဏာရအစိုးရ၏ပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရွေးချယ်ခံခဲ့ရသည့် အမတ်တစ်ဦးလည်းဖြစ်သည်။

ပလောင်အမျိုးသမီးအစည်းအရုံး၏ သုတေသနပြုမှု တွေ့ရှိချက်တွင် ဘိန်းစိုက်ပျိုးမှုသည် ပြီးခဲ့သည့်နှစ်အတွင်း နမ့်ခမ်းမြို့နယ်တွင် ကျေးရွာသစ် ၁၂–ခုသို့ တိုးချဲ့ပျံ့နှံ့လာပြီး၊ စစ်အစိုးရတပ်များ၊ ရဲများနှင့် ပြည်သူ့စစ်တပ်ဖွဲ့များက ဘိန်းစိုက်တောင်သူများထံမှ ပြောင်ပြောင်တင်းတင်း အခွန်တောင်းခံလျှက် ရှိနေသည်။

နောက်ပိုင်းတွင် ပလောင်လူထုတို့၏ ရပ်ရွာအတွင်း မူးယစ်ဆေးထုတ်လုပ်မှုနှင့် ဆေးစွဲမှု သိသိသာသာ တိုးတက်လာနေသည်ကို စိတ်မသက်သာဖွယ် တွေ့ရှိနေရသည်။ ပလောင်အမျိုးသမီးအစည်းအရုံး၏ တွေ့ရှိချက်များအရ ကျေးရွာတစ်ရွာတွင် အသက် ၁၅–နှစ်အထက် ယောကျ်ားများ၏ ၉၀% ကျော်သည် ဘိန်းမဲ သို့မဟုတ် ဘိန်းဖြူ ဆေးစွဲနေသည်ကို တွေ့ရှိရပြီး၊ ပြီးခဲ့သည့် ၂–နှစ်တာကာလတွေ့ရှိခဲ့သည့် မှတ်တမ်းများထက် ၂–ဆ တိုးတက်များပြားလာသည်ကို တွေ့ရသည်။

လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆွယ်သည့်အခါ ပန်းဆေးဦးကျော်မြင့်က သူသာအနိုင်ရပါက ရွာသားများအနေဖြင့် နောက်ထပ် ၅–နှစ် ဘိန်းစိုက်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောဆို၍ မဲဆွယ်စည်းရုံးခဲ့ပါသည်။

"ရွေးကောက်ပွဲပြီးတော့မှ ဘိန်းစိုက်ပျိုးတာရယ်၊ မူးယစ်ဆေးစွဲတဲ့ပြဿနာက ကျနော်တို့ရပ်ရွာမှာ ပိုဆိုးလာတယ်။" နမ့်ခမ်းကျေးရွာနေ ပြည်သူတစ်ဦးက ပြောပြပါသည်။ "အခုတော့ ပြည်သူ့စစ်ခေါင်းဆောင်ကျော်မြင့်က အမတ်ဖြစ်လာပြီ။ သူက မူးယစ်ဆေးကိစ္စနဲ့ ပတ်သက်လို့ ပိုလို့ လုပ်ပိုင်ခွင့်သြဇာကြီးလာပြီ" ဟု ဆိုပါသည်။

ပလောင်အမျိုးသမီး အစည်းအရုံး၏ နောက်ဆုံးသုတေသနပြုမှုတွင် မြန်မာနိုင်ငံတွင် မူးယစ်ဆေးပြဿနာဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးပြဿနာများသည် ရေသောက်မြစ်ပြဿနာဖြစ်နေကြောင်း၊ ၎င်းတို့ကို အရေးပေါ်ဖြေရှင်းရန် လိုအပ်နေကြောင်းလည်း ဖော်ပြထားပါသည်။

"စစ်အစိုးရက တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွေကို ဖိနှိပ်ချေမှုန်းနိုင်ဖို့ သူတို့လက်ကိုင်ဒုတ်ဒေသခံပြည်သူ့စစ်တွေကို ဘိန်းစိုက်ခွင့်၊ မူးယစ်ဆေးရောင်းဝယ် ဖောက်ကားမှုကနေ အကျိုးအမြတ်တွေရဖို့ ခွင့်ပြုထားတယ်။" ဟု ယခုအစီရင်ခံစာအတွက် အဓိကတာဝန်ခံ သုတေသနပြုခဲ့သူ လိုည်းနွေနှောင်းက ပြောသည်။ "မြန်မာနိုင်ငံရဲ့ ပြည်တွင်းစစ်နဲ့ မူးယစ်ဆေးပြဿနာက ဒင်္ဂါး တစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ" ဟု ထပ်လောင်းပြောသည်။

ပလောင်အမျိုးသမီး အစည်းအရုံးက တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေး၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားအရေး ပြဿနာများ ကို ဖြေရှင်းနိုင်ရေးအတွက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပရေးကို တောင်းဆိုပါသည်။ ဤနည်းသည်သာ မူးယစ်ဆေး ပြဿနာအတွက် ရေရှည် ဖြေရှင်းနိုင်မည့် နည်းလမ်းဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

အစီရင်ခံစာ အပြည့်အစုံကို www.palaungwomen.com နှင့် www.palaungland.org အင်တာနက် စာမျက်နှာ များတွင် ရယူနိုင်ပါသည်။

**ဆက်သွယ်ရန်**


| | |
|---|---|
| လိုည်းနွေနှောင်း | (+၆၆) ၈၂ ၆၄၈ ၁၁၅ |
| လိုည်းအမ် | (၈၆) ၁၃၀၉၅၂၁၉၂၈၁ |
| လိုည်းဆဲင်ဘွေသူး | (+၆၆) ၈၅၆၀၅၇၃၁၈ |